**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

၂၁ ရက်မြောက်နေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးရှုန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူပြီးစီးသည်မှာ (၃)နှစ်ခွဲကျော်ကြာလာပြီဖြစ်သော်လည်း မြန်မာနိုင်ငံ၏ လူဦးရေနှင့်ပတ်သက်၍ လူမျိုးအလိုက်၊ လူမျိုးစုအလိုက် ရလဒ်ထုတ်ပြန်ခြင်း မရှိသေးသဖြင့် မည်သည့်အချိန်တွင် ထုတ်ပြန်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူမျိုးစာရင်းများမှာ တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းပါဝင်မှု၊ တိုင်းရင်းသား လူမျိုးစုငယ်များပါဝင်မှု၊ စာလုံးပေါင်းသတ်ပုံ၊ အမည်နာမအသစ်၊ တိုင်းရင်းသား ဖြစ်ခြင်း/မဖြစ်ခြင်း စသည့်ကိစ္စရပ်များတွင် အငြင်းပွားဖွယ်ရာများ ရှိပါသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ တိုင်းရင်းသားရေးရာကော်မတီဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်နှင့် လူဦးရေပညာရှင်များ၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ တိုင်းရင်းသားလူမျိုးအမည်များ သတ်မှတ်ပြီးမှသာလျှင် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

( ခ ) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထောက်ပံ့ငွေများကို ပြန်လည်စိစစ် သုံးသပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏

လက်ရှိလစဉ် ချီးမြှင့်ထောက်ပံ့ငွေ တိုးမြှင့်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေနှင့် အခြေအနေ အရပ်ရပ်အပေါ်မူတည်ပြီး လွှမ်းခြုံထည့်သွင်းစဉ်းစားဆောင်ရွက်ရခြင်းဖြစ်၍ လက်ရှိအခြေအနေများအရ တိုးမြှင့်ထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။

( ဂ ) ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နိုင်ငံကူးလက်မှတ်စာအုပ်များ ရေးသားရန် စာမျက်နှာပြည့်သွား၍ စာအုပ်သစ် လျှောက်ထားထုတ်ပေးရာတွင် စာအုပ်နံပါတ်အသစ်များဖြင့် ထုတ်ပေးမည့်အစား နံပါတ်အဟောင်းများဖြင့်သာ ထုတ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး က သာမန် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များ စာရွက်ကုန်ဆုံးခြင်းနှင့် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးပျက်စီးခြင်းများအတွက် စာအုပ်အသစ်များ ထုတ်ပေးရာတွင် ယခင်စာအုပ်အဟောင်းနံပါတ်ဖြင့် ထုတ်ပေးခြင်းမရှိဘဲ စာအုပ်နံပါတ်အသစ်ဖြင့်သာ ထုတ်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံကူးလက်မှတ်နံပါတ်များကို နိုင်ငံသားမှတ်ပုံတင်နံပါတ်များကဲ့သို့ အပြောင်းအလဲမရှိ ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားပါသည်။

(ဃ) ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ရွှား(က)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ (၉၀x၃၀x ၁၀)ပေ ကျောင်းဆောင်သည် လေမုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးသွားပါသဖြင့် ပြင်ဆင်ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ပညာရေးဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ရွှားကျေးရွာအုပ်စု၊ တလန်ရွှား(က) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ၂၀၁၂ ခုနှစ်၊ မေလတွင် လေဒဏ်ခံခဲ့ရသဖြင့်ပြန်လည်ဆောက်လုပ်ခဲ့ရာအပြီး မသတ်နိုင်ခဲ့သော(၉၀x၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ ကျောင်းဆောင်အား (၉၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်ဆောင်အဖြစ် အပြီးသတ် ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ သာမန် အသုံးစရိတ်ရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ်သန်း(၃၀)ကို(၂၇-၁၂-၂၀၁၇)ရက်နေ့တွင် ခွဲဝေပေးထားပြီးဖြစ်ကြောင်း ဖြေကြားပါသည်။

( င ) ဦးဇော်တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ပင်မ အခြေခံပညာအထက်တန်းကျောင်းရှိ ဟောင်းနွမ်းနေပြီဖြစ်သော ဝန်ထမ်းအိမ်ရာ (၇)ဆောင်နှင့် မြို့နယ်ပညာရေးမှူးနေအိမ်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ပလက်ဝမြို့နယ်၊ပလက်ဝမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဝန်ထမ်းအိမ်ရာ

နှင့်မြို့နယ်ပညာရေးမှူးနေအိမ်တို့ကို ဆောက်လုပ်ပေးရမည့် အခြေအနေထက် ဦးစားပေးဆောက်လုပ်မည့် အန္တရာယ်ရှိကျောင်းများ၊ ကျောင်းသားဦးရေအရ အသစ်တိုးချဲ့ဆောက်လုပ်ပေးရမည့် ကျောင်းများရှိနေသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်ဦးစားပေးဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေ လျာထားချက်စာရင်းတွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာအား ဖတ်ကြားခြင်းနှင့် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

၃။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) (ဥပဒေကြမ်း ကော်မတီဝင်)က မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပါသည်။

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆိုတင်သွင်းခြင်း၊ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုခြင်း**

၅။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် က မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်း၍ ဦးမြမင်းဆွေ၊ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ထောက်ခံပါသည်။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

၇။ အစည်းအဝေးကို ၁၁း၁၈ နာရီ အချိန်တွင် ရပ်နားပြီး ၂၂ ရက်မြောက်နေ့ အစည်းအဝေးကို ၂၃-၂-၂၀၁၈ ရက်နေ့(သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**